ကြည်ကြည်လင်လင်

# သေပြီးနောက်

# သုဂတိရောက်လိုသော်

ဦးသော်င်းလွင် ဘီ-အေ

ဓမ္မာစရိယ-ဝဋ္ဋံသကာ တင်ပြသည်။


ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၃၂ ကောဇာ-၁၃၅၀ ခရစ်-၁၉၈၈

၂၄၂၃၄

ကြည်ကြည်လင်လင်

# သေပြီးနောက် သုဂတိရောက်လိုသော်

ဦးသောင်းလှိုင် ဘီ-အေ
ဓမ္မာစရိယ-ဝဋံသကာ တင်ပြသည်

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၄၃ ကောဇာ-၁၃၆၁ ခရစ်-၁၉၉၉

၂၇.၁.၂၀၀၈

၂၉၄.၃

ပဒသ

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင် ညွှန်ကြားရေးမှူး
ဦးညွန့်မောင် (မှတ်ပုံတင်အမှတ်–၀၂၄၀၅/၀၂၅၂၇) က
ပုံနှိပ်ထုတ်ဝေသည်၊

# ကြည်ကြည်လင်လင် သေပြီးနောက်
# သုဂတိရောက်လိုသော်

မကြာမီက ရင်းနှီးသော မိတ်ဆွေနှစ်ယောက်၏ ဇနီးနှစ်ယောက်တို့ ရန်ကုန်ဆေးရုံကြီးတွင် မိမိ မျက်စိအောက်၌ သေဆုံးခဲ့ကြသည်။ ၎င်းတို့၏ ရောဂါဝေဒနာသည် ပို၍ ပို၍ ပြင်းထန်လာပြီး မုချ သေကြရတော့မည်ဟု သိရသော အခါ သက်သက်သာသာ သေ၍ သေပြီးနောက် သုဂတိဘဝ ရောက်မည့် အဘိဓမ္မာကို ပြောပြလိုသော စိတ်များ ဖြစ်ပေါ်ခဲ့သည်။ သို့ရာတွင် သေလုဆဲဆဲ ဝေဒနာပြင်းစွာ ခံစားနေရသူအား "သင်သေတော့မည်" ဟု သတိပေးရာ ရောက်သွားပြီး ဝမ်းနည်းကြောက်ရွံ့သွားမည်စိုး၍ သေခြင်းဆိုင်ရာ ဗုဒ္ဓအဘိဓမ္မာကို မပြောခဲ့ရပေ။

အဘိဓမ္မာသုတ်တွင် မြတ်ဗုဒ္ဓ ဟောကြားတော် မူခဲ့သည့် အတိုင်း "ငါသည်တစ်နေ့တွင် မုချမသေသေရမည်ပါတကား" ဟု အမြဲမပြတ် ဆင်ခြင်လျက် သုတသောမကဲ့သို့ အသက်ရှင်စဉ် မသေခင်က ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ထားနှင့်ကြပြီး မကြောက်မရွံ့ စိတ်အေးသက်သာသေ၍ သေပြီးနောက် သုဂတိ(လူ့ဘုံ, နတ်ဘုံ)သို့ ရောက်နိုင်ကြရန်အတွက် ဤစာတမ်းကို ရေးသားကာ ဓမ္မမိတ်ဆွေများသို့ တင်ပြအပ်ပါသည်။

သုဂတိ...၂ ပ-မ-သ-စ

# သေခြင်းနှစ်မျိုး

သတ္တဝါမှန်သမျှ နတ်မင်း ဗြဟ္မာမင်းကြီးများ, ဘုရား ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာအရှင်မြတ်ကြီးများပါမကျန် ကံ သက်တမ်း ကုန်သောအခါ သေကြရသည်။ ထိုသို့ သေရာ၌ သေပြီးနောက်ပိုင်း အခြေအနေကို အစွဲပြု၍ သေခြင်းကို နှစ်မျိုး ခွဲထားသည်။

(က) သေပြီးနောက် ရုပ်နာမ် ခန္ဓာချုပ်ငြိမ်းပြတ်စဲ၍ ဘုံဘဝတစ်ခု၌ အသစ်တစ်ဖန် ပြန်မဖြစ်သောသေခြင်း= ပရိနိဗ္ဗာန်စံခြင်းနှင့်–

(ခ) သေပြီးနောက် မိနစ်စက္ကန့်မခြားပဲ ဘုံဘဝတစ်ခု၌ အသစ်တဖန် ပြန်၍ ဖြစ်သော သေခြင်းတို့ ဖြစ်ကြသည်။

ပထမသေခြင်းမှာ ဘုရားရှင် ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာ အရှင်မြတ်တို့၏ သေခြင်း-ပရိနိဗ္ဗာန် စံခြင်းဖြစ်၍ ကြည်ညို အားကျ ပူဇော်ဖို့မှအပ စာရှုသူတို့နှင့် သက်ဆိုင်ခြင်းမရှိသော ကြောင့် ဤစာတမ်း၌ မဖော်ပြတော့ပါ။

အထက်ပါဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာပုဂ္ဂိုလ် သုံးမျိုး မှတစ်ပါး ကျန်သတ္တဝါအားလုံးတို့သည် ဤဘဝ ဤခန္ဓာ ဇာတ်သိမ်း ချုပ်ငြိမ်းပြီးသည်နှင့် တစ်ပြိုင်နက် စက္ကန့် မိနစ် မခြားပဲ ဒုတိယဘဝသစ်၌ ရုပ်နာမ်ခန္ဓာ အသစ်တစ်ခု ဆက် ဖြစ်ရလေသည်။

## ကျွန်ုပ်တို့ ဘယ်ဘုံသို့ရောက်နိုင်သနည်း

စာရှုသူ ဓမ္မမိတ်ဆွေ...သင်နှင့်ကျွန်ုပ်တို့သည် တစ်နေ့မှာ သေရမည်၊ သေလျှင် သင်နှင့်ကျွန်ုပ်တို့မှာ ဘုရားရဟန္တာ မဟုတ်သည့်အတွက် ဘုံဘဝတစ်ခုခု၌ ရုပ်သစ်နာမ်သစ်ဖြင့် သတ္တဝါတစ်ဦးဖြစ်ရမည်။ ဘဝသံသရာ ခရီးဆက်ကြရမည်။ သင်နှင့် ကျွန်ုပ်တို့ ဘယ်ဘုံသို့ ရောက်နိုင်သနည်း။ ဘာသတ္တဝါ ဖြစ်နိုင်သနည်း။ သတ္တဝါတို့ ဖြစ်ရာဘုံ (၃၁) ရှိသည်။ ဗြဟ္မာဘုံ (၂၀) နှင့် ကာမ (၁၁) ဘုံတို့ဖြစ်သည်။ သင်နှင့် ကျွန်ုပ်တို့သည် ဈာန်အဘိညာဉ်ရအောင် ကျင့်ကြံအားထုတ်ထားသော ပုဂ္ဂိုလ်များ မဟုတ်သည့်အတွက် ဗြဟ္မာဘုံ (၂၀) သို့ ရောက်ရန် အကြောင်းလုံးဝမရှိပေ။ သင်နှင့်ကျွန်ုပ်တို့ သေပြီးနောက် ရောက်နိုင် ဖြစ်နိုင်သည်မှာ ကာမ (၁၁) ဘုံနှင့် ကာမသတ္တဝါ (၁၁) မျိုးသာ ဖြစ်ပေသည်။ ကာမ (၁၁) ဘုံဆိုသည်မှာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဟူသော အပါယ် (၄) ဘုံနှင့် လူ ပြည်, နတ်ပြည်ခြောက်ထပ် ဟူသော ကာမသုဂတိ (၇) ဘုံတို့ဖြစ်သည်။

သတ္တဝါတစ်ဦးသေပြီးနောက် ဖြစ်နိုင်သောဂတိ (၅) မျိုးသာ (၅) မျိုး ရှိသည်—

(က) ဒေဝဂတိ- နတ်ပြည် ခြောက်ထပ်၊ ဗြဟ္မာ ၂၀-၌ နတ်ဗြဟ္မာ ဖြစ်ခြင်း၊

(ခ) မနုဿဂတိ-လူ့ပြည်၌ လူဖြစ်ခြင်း၊

(ဂ) တိရစ္ဆာနဂတိ-တိရစ္ဆာန်ဖြစ်ခြင်း၊

(ဃ) နိရယဂတိ-ငရဲဘုံ၌ ငရဲသားဖြစ်ရခြင်း၊

(င) ပေတဂတိ- ပြိတ္တာဘုံ၌ ပြိတ္တာဖြစ်ရခြင်းတို့ ဖြစ်သည်။

ထိုဂတိ (၅) မျိုး၊ ဘဝ (၅) မျိုးအနက် သင်နှင့်ကျွန်ုပ်တို့ သေပြီးနောက် နတ်ပြည်ခြောက်ထပ်ဟူသော ဒေဝဂတိနှင့် ကျန်ဂတိ (၄) မျိုးလုံး၌ ဖြစ်နိုင်သည်၊ တစ်နည်းအားဖြင့် ဈာန်အဘိညာဉ် ရသော လူသာမန်တစ်ယောက် သေလျှင် ကာမ (၁၁) ဘုံ၌ ဂတိ ၅-မျိုး၊ ဘဝ ၅-မျိုး၌ ဖြစ်နိုင်သည်။

စုန်ကြမလား ဆန်ကြမလား

သင်နှင့် ကျွန်ုပ်တို့သေပြီးနောက် ရောက်နိုင်သောကာမ (၁၁) ဘုံတွင် အပါယ် ၄-ဘုံမှာ ဆင်းရဲဖြစ်၍ လူ့ဘုံ၊ နတ်ခြောက်ဘုံတို့မှာ အဆန်းဘုံများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အလျောက် ကြားဖူးသော ကန်တော့ခန်းအစရှိခိုးမှာပင် အပါယ် ၄-ပါး၊ ကပ်သုံးပါးမှ ကင်းလွတ်ရပါလို၏ ဟု ဆုတောင်းထားသဖြင့် အပါယ် ၄-ဘုံသားတို့၏ဆင်းရဲဒုက္ခ ခံစားကြရပုံကို အတော်အတန် သိနားလည်ထားကြပြီး ဖြစ်လေသည်၊ ထို့ကြောင့် သင်တို့ သေပြီးနောက် စုန်ချင်ကြသလား ဆန်ချင်ကြသလား ဟု မေးရန်ပင် လိုမည်မထင်ပေ။ လူတိုင်းပင် သေပြီးနောက် လူ့ပြည်နတ်ပြည်သို့ ရောက်၍ လူ့ချမ်းသာ နတ်ချမ်းသာကို ခံစားချင်ကြမည် ဖြစ်ပါသည်။

သူ့ပြည့်နတ်ပြည်ကို ရောက်ချင်တိုင်း ရောက်နိုင်ပါသလား ဟု စာရှုသူများ ပြန်မေးချင်နေပြီထင်ပါသည်။ ရောက်ချင်လျှင် ရောက်နိုင်ပါသည်၊ ရောက်နိုင်ဖို့အတွက် သေခါနီး စက္ကန့်ပိုင်း ကာလ စိတ်ထားမှန်ဖို့အလွန်အရေးကြီးပါသည်၊ လူ့ဘုံနတ်ဘုံ နှင့် အပါယ် ၄-ဘုံတို့မှာ အဆပေါင်းမနှိုင်းယှဉ်နိုင်လောက်အောင် ကွာခြားပါသည်။ သတ္တဝါတစ်ဦး သေပြီးနောက် အောက် အပါယ် ၄-ဘုံသို့ စုန်ရမက၊ အထက်လူ့ဘုံ နတ်ဘုံသို့ ဆန်ရမည်ကို အဆုံးအဖြတ် ပေးသည်မှာ ထိုသတ္တဝါ သေခါနီး စက္ကန့်ပိုင်းအာ.ယိုတွင် ဖြစ်သောစိတ်ထား (မရဏာသန္နဇော) သာဖြစ်ပါသည်။ ထိုစက္ကန့်ပိုင်း စိတ်ထားမှားလျှင် အပါယ် ဘုံသို့ ရောက်သွားမည်ဖြစ်၍ စက္ကန့်ပိုင်း စိတ်ထားမှန်လျှင် လူ့ဘုံနတ်ဘုံသို့ ရောက်သွားမည်ဖြစ်ပါသည်။

## ကံတစ်ခုတည်းက ပဋိသန္ဓေအကျိုးပေး

လူတစ်ယောက်သည် မွေးသည်မှ သေသည်အထိ ဘဝ တစ်ခုအတွင်း၌ လောဘ ဒေါသ မောဟ တရားများ အခြေခံ သော အကုသိုလ်ဒုစရိုက်များကို သိန်းသန်းကုဋေ ပြုလုပ်ခဲ့ ကြမည်။ သဒ္ဓါတရားကို အခြေခံ၍ ကံ ကံ၏အကျိုးကို ယုံကြည်ကာ ဒါန သီလ ဘာဝနာမှု ကုသိုလ်တရားတို့ကို လည်း သိန်းသန်းကုဋေ ပြုလုပ်ခဲ့ကြမည်။

ထိုကုသိုလ်မှု အကုသိုလ်မှုတို့ကို ပြုလုပ်ရာ၌ ပြုဖြစ်အောင် စေ့ဆော် တိုက်တွန်းသော စေတနာကို ကံဟု ခေါ်သည်။ လူတစ်ယောက်သည် ဘဝတစ်ခု၌ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ ရောထွေး ပြုမိလျက်သား ဖြစ်နေပေသည်။ အကုသိုလ်ကံ

သည် အပါယ်ဘုံသို့ ကျရောက်စေ၍ကုသိုလ်ကံက သုဂတိဘုံသို့ ရောက်အောင် တွန်းမြှောက်ပင့်တင် နိုင်ပေသည်။

ကံနှစ်မျိုးကို ပြုထားမိသော လူသားသည် သေဆုံးကွယ်လွန်သောအခါ ကုသိုလ်ကံက အရင် အကျိုးပေးမည်လော။ အကုသိုလ်ကံက အရင် အကျိုးပေးမည်လော။ ကုသိုလ်ကံ သိန်းသန်းကုဋေထဲမှ အဘယ်ကုသိုလ်ကံက ပထမအကျိုးပေးမည်နည်း။ ကုသိုလ်အားလုံး စုပေါင်း အကျိုးပေးမည်လော။ အကုသိုလ်အားလုံး စုပေါင်းအကျိုးပေးမည်လော။

လူတစ်ယောက်သည် ဘဝတစ်ခု၌ ကံပေါင်းများစွာပြုလုပ်ခဲ့သော်လည်း ထိုသူ သေဆုံးသောအခါ ဘဝသစ်၌ သတ္တဝါအသစ်အဖြစ် ပဋိသန္ဓေကို ဖြစ်စေသည်မှာ ကံတစ်ခုတည်းသာ ဖြစ်၏။ ထိုတစ်ခုတည်းသော ကံကား ကုသိုလ်ကံလည်းဖြစ်နိုင်၏၊ အကုသိုလ်ကံလည်း ဖြစ်နိုင်၏ ဤနေရာတွင် ကံတရားများ၏ ပဋိသန္ဓေကျိုးပေးမည့်ဦးစားပေးအစဉ်ကိုသိထားရန်လို၏။

## ကံ ၄-မျိုး အကျိုးပေးအစဉ်

လူတစ်ယောက်သည် ဘဝတစ်ခုတွင် ကုသိုလ်, အကုသိုလ် နှစ်မျိုးစလုံးကို အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ထိုသူ သေသောအခါ ထိုကံများအနက်မှ တစ်ခုတည်းသော ကံကသာ ပဋိသန္ဓေကျိုးကိုပေးမည်၊ (မွေးသည်မှ သေသည်အထိ ပဝတ္တိအကျိုးကိုကား ကံပေါင်းများစွာက ထိုက်သင့်သလို ပေးမည် ဖြစ်ပါသည်)၊ အကျိုးပေး ဦးစားပေးမှုအရ ကံတရားကို ၄-မျိုးခွဲထားသည်။ ၎င်းတို့မှာ—

၁။ ဂရုကကံ ပဌမ

၂။ အာသန္နကံ ဒုတိယ

၃။ အာစိဏ္ဏကံ တတိယ

၄။ ကဋတ္တာကံ စတုတ္ထ—

တို့ဖြစ်သည်။

အမိ, အဖ, ရဟန္တာသတ်သူ၊ သံဃာသင်းခွဲသူ၊ ဘုရားရှင်အား သွေးစိမ်းတည်အောင် လုပ်သူ၏ကံကို အကုသိုလ်ဂရုကကံဟု ခေါ်၏၊ မြန်မာလို ကြီးလေးသောကံဟု ခေါ်သည်။ ထိုဂရုကကံကို ပြုထားသောသူ သေလျှင် အခြားကုသိုလ်ကံတွေ မည်မျှ ပြုလုပ်ထားစေကာမူ ထိုဂရုကကံသာ ပဌမဆုံး အကျိုးပေးမည်။ ဆိုလိုသည်မှာ ထိုသူသေလျှင် မုချကေန် အဝီစိငရဲသို့ ကျရောက်ရမည်။

မဟာဂ္ဂုတ်စျာန် ၉-ပါးသည် ကုသိုလ် ဂရုကကံဖြစ်သည်။ မဟာဂ္ဂုတ်စျာန်တစ်ပါးပါးကို ရထားသူဖြစ်ပါက ရှေးအခါက ပြုခဲ့ဖူးသောအကုသိုလ်ကံ အခြားကုသိုလ်ကံများ ရှိစေကာမူ ဗြဟ္မာဘုံ ၂၀-သို့သာ ရောက်ကြရသည်၊ တစ်မဂ်တစ်ဖိုလ် ရထားသူဖြစ်လျှင်လည်း သုဂတိဘုံဘဝသို့သာ ကေန်ရောက်ရပေသည်။

ဂရုကကံကို မပြုလုပ်ခဲ့သော ပုဂ္ဂိုလ်အဖို့ သေခါနီးတွင် ပြုလုပ်သောကံ, ရှေးကပြုလုပ်ခဲ့သည်ကို ပြန်လည်အောက်မေ့ဆင်ခြင်သောကံက ပဋိသန္ဓေအကျိုးကိုပေးမည်။ထိုသေခါနီးပြုသောကံကို အာသန္နကံဟု ခေါ်သည်၊ ထိုသေခါနီးပြုသော အာသန္နကံသည် ကုသိုလ်ကံလည်း ဖြစ်နိုင်သည်။

အကုသိုလ်ကံလည်း ဖြစ်နိုင်သည်၊ အကုသိုလ်ဇောစိတ်ဖြင့် သေလျှင် အပါယ် ၄ ပါးသို့ ကျမည်။ ကုသိုလ်ဇောစိတ်ဖြင့် သေလျှင် လူ့ဘုံ နတ်ပြည် ဗြဟ္မာ့ထံသို့ ရောက်မည်။

သေခါနီးပြုသော အာသန္နကံမရှိလျှင် ဘဝတင်သက်တာ အတွင်း အမြဲတစေ အများအားဖြင့် ပြုလုပ်ခဲ့သော ကုသိုလ် အကုသိုလ်ကံတို့က အကျိုးပေးမည်။ ထိုကံကို အာစိဏ္ဏကံ= အမြဲလေ့ကျက်အပ်သော ကံဟုခေါ်သည်။ သေခါနီးပြုသော အာသန္နကံမရှိမှ အာစိဏ္ဏကံ အကျိုးပေးနိုင်သည်ကို အထူး သတိပြုသင့်ကြသည်။ တစ်သက်လုံး ကုသိုလ်ကောင်းမှုများ ပြုလာခဲ့ကောမူ အကုသိုလ်ဇောစိတ်ဖြင့် သေခဲ့သော် အပါယ်သို့ ကျရမည်။

ဘုရားရှင်လက်ထက် တစ်သက်လုံး ရဟန်းတရားကို အားထုတ်ခဲ့သော တိဿမထေရ်ကြီးသည် သင်္ကန်းသစ်၌ စွဲလမ်းသော အာသန္နကံလောဘဇောဖြင့် သေ၍ ၇-ရက် မျှ သန်းပြိတ္တာဖြစ်ခဲ့ရပေသည်၊ အနှစ်နှစ်ဆယ်ခင်း ရဟန်းတရား အားထုတ်ခဲ့သော်လည်း ပန်းပင်ကို လေ့ပေါ်မှဆွဲမိ၍ ပန်းပင် ကျွတ်ပါလာသဖြင့် အာပတ်သင့်ပြီလောဟူသော ဝိနယ-ကုက္ကုစ္စ အကုသိုလ်ဇောဖြင့် သေ၍ ဧရကပတ္တနဂါး ဖြစ်ခဲ့ ရသည်။

မုဆိုး, တံငါ, လူဆိုး, လူမိုက်ဖြစ်ခဲ့ကောမူ ကုသိုလ်ဇော စိတ်ဖြင့်သေခဲ့လျှင် သုဂတိဘုံသို့ ရောက်နိုင်သည်။ သာဓက ပြရရသော် သောဏသည်သော ရဟန်းတော်တစ်ပါး ရှိသည်။ သူ၏ဖခင်သည် မုဆိုးဒလုပ်ဖြင့် အသက်မွေးခဲ့၍ သေခါနီး သောအခါ ထိုမုဆိုးလုပ်ခဲ့သော အကုသိုလ်ကံက အကျိုးပေး

တော့မည်ဖြစ်၍ သူ၏ စိတ်အာရုံတွင် ခွေးနက်ကြီးများက သူ့ကိုလိုက်နေသည်ဟု ပေါ်နေသည်။ ထို့ကြောင့်ထိတ်လန့်ပြီး ဦးပဥ္စင်းဘုရား- ခွေးနက်ကြီးတွေ လိုက်နေသည်မကောင်းပါဟု အော်ဟစ်ပြောဆိုသည်။ ထိုအခါ ရှင်သောဏက သူ၏ဖခင်သည် အကုသိုလ်ကံ မှုနိမိတ် ထင်နေပြီ၊ သေလျှင် အပါယ်ကျတော့မည်ဟု သိ၍ ရုပ်ပွားဆင်းတုတော်ရှေ့သို့ လူမမာကို ချီမ၍ ဘုရားရှင်အား ပန်း ဆီမီး ရေချမ်းကပ်ပါဟု ပြော၏။ သားရဟန်း ပြောသည့်အတိုင်း ဘုရားဆင်းတုတော်အား ဖူးမြော်ကာ ပန်း ဆီမီး ရေချမ်းပူဇော်လိုက်သည်။ ထိုအခါ ဗိမာန် ပဒေသာပင်ကြီးများအာရုံ၌ ပေါ်လာကာ ကုသိုလ်စိတ်ဖြင့် သေ၍ မုဆိုးကြီးမှာ နတ်ဘုံသို့ ရောက်သွားရလေသည်။

နှစ်ပေါင်း-၅၀- ထောင်မျှ သူသတ်သမားကြီး ဖြစ်ခဲ့၍ ထိုအကုသိုလ်ကံ များကို အောက်မေ့နေသဖြင့် ဝရားပင်ဖြောင့်အောင် မနာနိုင်သော တမ္ဗဒါဌိကအား ရှင်သာရိပုတ္တရာက ဘုရင်ခိုင်း၍ သတ်လျှင် သင့်မှာ အပြစ်ရှိပါမလား ဟု ပရိယာယ်ဖြင့် ဟောလိုက်ရာ ဘုရင်ခိုင်းသဖြင့် သတ်ခြင်းဖြစ်၍ သူ့မှာအပြစ်မရှိဟု ယုံကြည်သွားပြီး ဝရားတော်ကို တည်ငြိမ်စွာ ဆက်လက်နာကြားနိုင်ပြီးနောက် မကြာမီ ထိုကုသိုလ်မရဏာ သန္ဓေဖြင့် သေဆုံး၍ တာဝတိံသာနတ်ပြည်သို့ ရောက်ခဲ့ပေသည်။

ဖော်ပြပါဝတ္ထုသာဓကများကို ထောက်ထား၍ အခါင်ကျကုသိုလ် ပြုထားသူတို့က “ငါတို့ကောင်းမှုပြုထားသည်ပဲ၊ သေလျှင် သုဂတိရောက်ရမှာပေါ့” ဟု ပေါ့ပေါ့ဆဆ အမှတ်မဲ့

သေကြပါက သေခါနီး အကုသိုလ်အာသန္နကံက အကျိုးဝင် ပေးရွှေ့ အပါယ်ဘုံသို့ ကျရောက်နိုင်သည်ကို သတိပြုသင့်ကြ ပေသည်။ အာစိဏ္ဏကံ အကုသိုလ် များများ ပြုခဲ့သူတို့ကလဲ "ငါတို့သည် အကုသိုလ်ကံတွေ ပြုခဲ့မိပြီ၊ ယုံကြောင့် သေရင်တော့ အပါယ်ကျတော့မှာပဲ" ဟု ညှိုးငယ် မစွဲလမ်း မကြောက်လန့်မူ၍ အာစိဏ္ဏကံ အကုသိုလ်ကို ကျော်လွှားနိုင်လောက် အောင်အားကောင်းသော အာသန္နကုသိုလ်ဖြင့် သုဂတိ ဘဝသို့ တက်လှမ်း သင့်ကြပေသည်။

("အာသန္နကံ ကုသိုလ်ရှိလျှင် သုဂတိဘဝ ရောက်နိုင်တာ)" ဟု အာသန္နကံ အားကိုးဖြင့် အကုသိုလ်ဒုစရိုက်မှုတို့ကို ရဲရဲဝံ့ဝံ့ မပြုမိကြရန် ဒါန၊ သီလ၊ ဘာဝနာ အာစိဏ္ဏကံကုသိုလ် တို့ကိုမပြုပဲ မေ့မေ့လျော့လျော့ မနေမိကြရန်လည်း သတိရှိ သင့်ပါသည်။ ကုသိုလ် အာသန္နကံကြောင့် သုဂတိသို့ ရောက် စေနိုင်သည့်အတွက် တစ်သက်တာ ပြုခဲ့သော အာစိဏ္ဏကံ အကုသိုလ် တို့က ထိုဆက်လက်သော ဘဝအတွက် ပဋိသန္ဓေကျိုးကို မပေးနိုင်သော်လည်း နောက်နောင်ဘဝများ၌ ပဋိသန္ဓေကျိုးကို ပေးနိုင်သေးသည်။ အကုသိုလ်ကံပြုခဲ့သူတို့ သည် ဖြစ်ရာဘဝ၌ အသက်တိုခြင်း၊ အနာများခြင်း၊ ဆင်းရဲခြင်း၊ အခြံအရံနည်းပါးခြင်း၊ ချစ်သူနည်းပါး မုန်းသူများခြင်း၊ ဘဝအောက်တန်းကျခြင်း စသော ပဝတ္တိကျိုးများကို လည်း မုချခံကြရမည်ကို သတိပြုကြ၍ ဒုစရိုက်မှုတို့ကို ကြိုးစား ရှောင်ကြဉ်သင့်ကြလေသည်။

ဘဝသံသရာ လမ်းတစ်လျှောက်တွင် သုဂတိဘဝသို့ရောက် ၍ အသက်ရှည်၊ အဆင်းလှ၊ အနာကင်း၊ ချမ်းသာ၍ ခြွေရံ

သင်းပင်းများပြီး ပိတ်ဆွေကောင်း ဆရာကောင်းနှင့် တွေ့၍ ပါရမီအဆင့်ဆင့်ဖြည့်ကာ ဒုက္ခခပ်သိမ်းတို့ ငြိမ်းရာနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးအတွက်အသက်ရှိစဉ် ယခုသခင်က ဒါန၊ သီလ၊သမာဓိ၊ပညာအာစိဏ္ဏကံ ကုသိုလ်တို့ကို တတ်နိုင်သမျှ ကြိုးစားအားထုတ်သင့်ကြပေသည်။

အထက်ပါဂရုကကံ၊အာသန္နကံ၊အာစိဏ္ဏကံ ၃-မျိုးအကျိုး ပေးခွင့် မရှိမှသာလျှင် ဤဘဝ၌ သာမာန် အမှတ်မထင် ပြုခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံတို့က ပဋိသန္ဓေအကျိုးကို ပေးနိုင်ပေသည်။ ထိုစေတနာကံကို ကဋတ္တာကံဟု ခေါ်သည်။

သေခါနီးဖျောင်ရန်

သေခါနီး၌ကုသိုလ်အာသန္နကံစေ့ဖြင့် သေခဲ့လျှင်သုဂတိ ဘဝ(လူ့ဘဝ၊နတ်ဘဝ)ကို ရ၍ အကုသိုလ်အာသန္နကံစော ဖြင့် သေခဲ့လျှင် ဒုဂ္ဂတိဘဝ (ငရဲ၊တိရစ္ဆာန် ပြိတ္တာအသုရကာယ် ဘဝ)ကို ရမည်ဟု ဘုရားရှင်ဟောတော်မူသည်။ သေခါနီး၌ ဇနီးခင်ပွန်း သားသမီး ဆွေမျိုး ဆရာတပည့် တိုက်တာ အိုးအိမ် ပစ္စည်းဥစ္စာတို့ကိုစွဲလမ်းငဲ့ကွက်တွယ်တာ၍ သေပါက မိမိအိမ်၌ မြွေ၊ကြွက်၊ခွေး၊ဆိတ်၊နွားစသည့်တိရစ္ဆာန်များနှင့် အစိမ်း ဘဲ့ဒွေ သရဲစသော ပြိတ္တာတို့ ဖြစ်တတ်သည်။

ဘုဒ္ဓမီသေန်၏အခါလောင်းမဟာပနာဒ မင်းအိမ်ရွှေမျိုးများ ပြာသာဒ်ဆောင်ကြီးကို စွဲလမ်းသေ၍ ထိုပြာသာဒ်အနီး၌ ငါးလိပ် ဖားစသည်တို့ ဖြစ်ခဲ့သည်။ တိဿမထေရ်ကြီးသည် သင်္ကန်း၌ စွဲလမ်းသေ၍ သန်းပြိတ္တာ ဖြစ်ခဲ့သည်။ လောက်ပြန်

ပြုန်သောဇနီးအား စွဲလမ်းမှုဖြင့်သေ၍ ထိုဇနီးအိမ်၌ မြွေ, ခွေး, နွားငယ် သုံးဘဝ ဆက်တိုက် ဖြစ်ခဲ့ရသည်။ သေခါနီးတွင် ငဲ့ကွက် တွယ်တာစွဲလမ်းမှု မရှိရန်၊ ငဲ့ကွက် တွယ်တာစွဲလမ်းမှု၍ သေခြင်းကို ဘုရားရှင် ကဲ့ရဲ့တော်မူကြောင်း နကုလမာတာ နကုလပိတာအား သတိပေး ဆုံးမခဲ့သည်တို့ကို ဆင်ခြင် နှလုံးသွင်းလျက် ငဲ့ကွက် တွယ်တာ စွဲလမ်းမှုသံယောဇဉ်တို့ကို ဖြတ်တောက်၍သေခါနီး၌ မရဏာသန္နလောဘဇော မစောမိအောင် သတိပြုသင့်ကြပေသည်။

တစ်စုံတစ်ယောက် သေခါနီးဆဲဆဲဖြစ်နေလျှင် သားသမီး မြေး, မြစ်နှင့်ဇနီး ခင်ပွန်းတို့ကို မမြင်ရအောင် အသံမကြားရအောင် စီမံထားသင့်ကြပေသည်။ အထူးသဖြင့် ပူဆွေးငိုကြွေးနေသောရုပ်, အသံတို့ကို မမြင်မကြား စေရအောင်း သတိပြု ဆင်ခြင်သင့်ကြပေသည်။

## အလွန်ကြီး မကြောက်ပါနှင့်

သမ္ဗေ ဘာယန္တိ မစ္စုနော-သတ္တဝါ မှန်သမျှ သေရမှာ ကြောက်ကြသည်၊ ထိုသေရမှာ ကြောက်သူတို့တွင် ဘုရား ရဟန္တာ ပုဂ္ဂိုလ်များ မပါပေ။ ဘုရားရဟန္တာများမှာ ဤဘဝ ဤခန္ဓာကိုယ်ကို တပ်မက်စွဲလမ်းမှုမရှိ၊ ဒကာ ဒကာမတပည့် သာဝကတို့နှင့် ကျောင်းကန် တိုက်တာတို့ကို ငြိကပ်တွယ်တာ စွဲလမ်းမှု တဏှာမရှိသောကြောင့် သေရမှာ မကြောက်ခြင်း ဖြစ်သည်။

ပုထုဇဉ် လူသာမန်တို့ကား မိမိ၏ဘဝ ခန္ဓာကိုလည်း စွဲလမ်းသည်။ ဇနီး,ခင်ပွန်း, သားသမီး, မြေး, မြစ်,ဆွေမျိုး

မိတ်သင်္ဂဟများကိုလည်း တွယ်တာသည်။ အိုးအိမ် ရွှေငွေ စသော ပစ္စည်းဥစ္စာ တို့ကိုလည်း တပ်မက်နေသည်။ မိမိသေဆုံးသောအခါ ထိုဘာဝနာ ဇနီးခင်ပွန်း သားသမီး မြေးမြစ် ဆွေမျိုး စည်းစိမ်ဥစ္စာနှင့် ခွဲရတော့မည်ဟု တွေးမိကာအလွန်အမင်း ကြောက်သန့်ဘတ်ကြသည်။

ကြောက်တတ်သော ပုထုဇဉ်မျိုး ဖြစ်၍ မကြောက်ပါနှင့်ဟု မတိုက်တွန်းလိုပါ။ သို့ရာတွင် သေခါနီး ကာလတွင် အလွန်အလွန်ကြီး ကြောက်ရွံ့မှု မဖြစ်စေရန် ရုပ်နာမ် ဓမ္မ သင်္ခါရတို့၏ မမြဲခြင်းအနိစ္စ၊ ဆင်းရဲခြင်းဒုက္ခ၊ အစိုးမရ အလိုသို့မလိုက်ခြင်းအနတ္တ၊ ရုပ်နာမ် သင်္ခါရတို့သည် ဖြစ်ပြီးနောက် ချုပ်ပျောက်ရခြင်း သဘော ရှိကုန်၏။ ထိုရုပ်နာမ်တို့ ချုပ်ငြိမ်းရာနိဗ္ဗာန်သည်သာ ချမ်းသာ အစစ်အမှန် ဖြစ်လေသည် တကားဟု နှလုံးသွင်း ဆင်ခြင် ခြင်းဖြင့် သေခါနီး ကြောက်စိတ်ကို လျော့ပါး စေသင့်ကြပေသည်။ ကြောက်အားကြီး၍ စိတ်ဓာတ် ဆောက်တည်ရာမရ ဖြစ်နေပါလျှင် အထက်တွင်ပြခဲ့သော ကုသိုလ် မရဏာ သန္နဇော မဇောနိုင်ပဲ အကုသိုလ် ဇေါသဇောများဇော၍ အပါယ်သို့ကျရောက်တတ်သဖြင့် အလွန်အမင်း ကြောက်ခြင်းကို တရားသဘော ဆင်ခြင်ခြင်းဖြင့် ရှောင်ကြဉ် သင့်လှပေသည်။

## သုတသောမထုံး နှလုံးမူ

သေရမှာကို ကြောက် တတ်သော ပုထုဇဉ် လူသာမန်တို့အား ပုထုဇဉ်ပင် ဖြစ်သော်လည်း သေရမှာကို မကြောက်သော သုတသောမထုံးကို နှလုံးမူ၍ သတ္တိရှိရှိ ကြည်ကြည်

ယင်လင် သေနိုင်ကြရန် မဟာသုတသောမ ဇာတ်ကို အကျဉ်းဖော်ပြလိုပေသည်။

လူသားစား ပေါရိသာဒသည် မဟာသုတသောမမင်းအား သတ်၍ စားရန် ပြင်ဆင်နေသည်။ အခြား ပုဂ္ဂိုလ်များကို ထတ်၍စားမည်ပြုစဉ် လူတို့သည် ကြောက်၍ ရုန်းကန်ကြသည်၊ သို့ရာတွင် သုတသောမမင်းကား ကြောက်ခြင်းလုံးဝ မရှိ၊ ပကတိ ကြည်လင်သော မျက်နှာရှိသည်။ ထိုကြောင့် ပေါရိသာဒက သုတသောမ မင်းအား ဘာကြောင့် သေရန် မကြောက်သလဲဟု မေးလေသည်။

သုတသောမမင်းက—

ပေါရိသာဒ....ငါသည် ကုသိုလ် ကောင်းမှုတို့ကို များစွာ ပြုခဲ့ပြီးဖြစ်သည်။ မိဘတို့ကိုလည်း လုပ်ကျွေးခဲ့ပြီးပြီ။ ဆွေမျိုး မိတ်သင်္ဂဟတို့အား ပြုသင့်သည့် ဝတ်ကိုလည်း ပြုပြီးပြီ။ ဝစ္စည်းဥစ္စာ များစွာတို့ကိုလည်း ရဟန်း သူတော်စင်တို့အား လှူဒါန်းပေးကမ်းခဲ့ပြီးပြီ။ ဤကုသိုလ်ကောင်းမှုတို့ကို ပြုခြင်းဖြင့် တမလွန်ဘဝ သို့သွားရာ သံသရာ ခရီးလမ်းကိုရှင်းလင်း သုတ်သင်ပြီး ဖြစ်သည်။ ကုသိုလ်ကောင်းမှု ပြုထားပြီး ဖြစ်သောကြောင့် ငါသည် သေရမည်ကိုမကြောက်ဟု ဖြေကြားသည်။

သင်တို့ ကျွန်ုပ်တို့သည်း ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည့် အလျောက် ကုသိုလ် ကောင်းမှုတို့ကို ပြုခဲ့ကြပြီး ဖြစ်သည်။ သေပြီးနောက် သုဂတိဘဝသို့ရောက်နိုင်ရန် ဒါန၊ သီလ၊ ဘာဝနာ ပညာတရားတို့ကို စွမ်းနိုင်သမျှ ပြုလုပ်ဆည်းပူး ပွားများပြီး

ဖြစ်၍ တမလွန်လောက သွားရာလမ်းကို သုတ်သင်ချင်းလင်းပြီးသူများသာ ဖြစ်ကြသည်။

သုတသောမမင်း၏ထုံးကို နှလုံးမူ၍ ကုသိုလ်ကောင်းမှုတို့ကို ပြုထားပြီးသော သင်နှင့် ကျွန်ုပ်တို့လည်း သေရမှာကို အလွန်ကြီး မကြောက်ကြပဲ အေးအေးတည်ငြိမ်စွာ ကုသိုလ်မရဏာသန္နဇောဖြင့် သေနိုင်အောင် သတိပြုသင့်ကြပေသည်။

## သေခါနီး ဆောင်ရန်

လူတစ်ယောက်သည်သေပြီးနောက် သုဂတိဘ၀(လူ ဘ၀ နတ်ဘ၀)ကို ရောက်ရန်သေခါနီး၌ ကုသိုလ်စိတ် အစဉ်ဖြစ်ရန် အာသန္နကံ ကုသိုလ်ဇော စောရန် လိုအပ်သည်။ ကံ ကံ၏ အကျိုးကို ယုံကြည်၍ ဘုရား, တရား, သံဃာ ရတနာသုံးပါး၏ ဂုဏ်ကို ဆင်ခြင်ပွားများ အောက်မေ့လျက် သေလျှင် သုဂတိဘ၀သို့ ရောက်နိုင်သည်ဟု နေတ္တိပါဠိတော် ပသန္နစိတ္တာ သုတ်တွင် ဖော်ထားသည်။

သင်နှင့် ကျွန်ုပ်တို့သည် အလွန်တရာ ကြုံကြိုက်ခဲလှသော ဘုရားရှင် သာသနာနှင့် ကြုံတွေ့နေရသည်။ အလွန်တရာ ရနိုင်ခဲသော မနုဿတ္တဒုလ္လဘ လူ့အဖြစ်ကို ရနေကြသည်။ ကြားနာရခဲလှသော သူတော်ကောင်းတရားကို ကြားနာဖတ်ရှုခွင့် သဒ္ဓမ္မသဝနအတိဒုလ္လဘ ကိုလည်း ကံကောင်းထောက်မ ရရှိနေကြသည်။ သူတော်ကောင်း တရားမှန်ကို နာကြားဖတ်ရှုခွင့် ရသဖြင့် ရတနာသုံးပါးနှင့် ကံ ကံ၏ အကျိုးကို ယုံကြည်မှု သဒ္ဓါသမ္ပတ္တိဘာ၀ ဒုလ္လဘကို ရရှိနေကြသည်။

ထိုသဘင်္ဂါတရားဖြင့် ဒါနမှုတို့ကိုလည်း ပြုခဲ့သည်။ သီလမှုတို့ကိုလည်း ဆောက်တည်ခဲ့သည်။ ရုပ်နာမ်ခန္ဓာတို့၏ မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တ ဟူသော လက္ခဏာယာဥ် သုံးပါးကိုလည်း ဝိတ်အားသမျှ ပွားများခဲ့ကြသည်။ ဘုရားရှင်အား သစ်သီး, ဆွမ်း, ပန်း, ရေချမ်း, ဆီမီးများ ဆက်ကပ်၍ ဂုဏ်တော်တို့ကို ရွတ်ဆိုပွားများခဲ့ကြသည်။ ထိုသို့ပြုလုပ်ခဲ့ပြီးသော ကုသိုလ်တို့ကို ပြန်လည်အောက်မေ့ခြင်း၊ ထိုကုသိုလ်တို့ကို ယခုကိုယ်ပြုနေသလို စိတ်တွင် ထင်လာခြင်းဖြင့် အာသန္နကံကုသိုလ်စေတနာကို ဖြစ်စေနိုင်သည်။ အာသန္နကံ ကုသိုလ်စေတနာ စေနိုင်ရန်အတွက်လည်း အသက်ရှိစဉ် မသေခင်က ဒါန, သီလ, သမာဓိ, ပညာ, နိဗ္ဗာန် ညွတ်နိုင်လာ တရားတို့ကို ပွားများအားထုတ်ကာ ကြိုတင်ပြင်ဆင်ထားသင့်ကြပေသည်။

ဘုရား တရား သံဃာ ရတနာသုံးပါး၏ဂုဏ်တော်ကျေးဇူးတော်တို့ကို ပွားများခြင်း၊ သက်တော်ထင်ရှား ဘုရားရှင်အား ရည်မှန်း၍ ရုပ်ပွားဆင်းတုတော်ကို မျက်စိအာရုံ စိတ်အာရုံမှာ ထင်စေ၍ စိတ်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ရုပ်နာမ် ဓမ္မသင်္ခါရတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်ပုံကို ဆင်ခြင် ပွားများခြင်း၊ ပရိတ်တရားတော်များ၊ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ် ပဋ္ဌာန်းစသည်တို့ကို စိတ်ထဲမှ ရွတ်ဖတ်ဆင်ခြင်နေခြင်း၊ လူမမာ ကြည်ညိုသူတို့က ဖွင့်ပြသော ပရိတ်တရား ထက်ဆက်ခွေများကို နာကြားခြင်း စသည်တို့ဖြင့်လည်း အာသန္နကံကုသိုလ်စေတနာကို ဖြစ်စေနိုင်ပေသည်။

# အားအကောင်းဆုံး

## အာသန္နကံကုသိုလ်

သေမင်းလက်မဦးခင် ဝိပဿနာ ဘာဝနာ တရားတို့ကို ကြိုတင်ကြိုးစား အားထုတ်ကြသူများ အတွက် သေခါနီး အိပ်ရာ၌ လဲလျောင်းနေစဉ်မှာပင် ၆-ဒွါရ၌ ဖြစ်ပေါ်လာသော ရုပ်နာမ်အာရုံတို့ကို "မြင်သည်၊ ကြားသည်၊ နံသည်၊ စားသည်၊ ထိသည်၊ စိတ်ကူးသည်" ဟု ရှုမှတ်ပွားများခြင်းဖြင့်လည်းကောင်း၊ ခံစားရသော ဝေဒနာများကို "နာသည်၊ ကျင်သည်၊ ကိုက်ခဲသည်၊ အောင့်သည်" ဟု ရှုမှတ်ပွားများခြင်းဖြင့် လည်းကောင်း၊ ထိုရုပ်နာမ်ဝေဒနာတို့၏ အမြဲမရှိ ဖြစ်ပေါ်လာပြီးနောက်ပျက်စီးချုပ်ငြိမ်းခြင်း အနိစ္စလက္ခဏာ၊ ဖြစ်မှုပျက်မှုတို့ဖြင့် အမြဲမပြတ်နှိပ်စက်နေသဖြင့် ဆင်းရဲခြင်း ဒုက္ခလက္ခဏာ၊ မိမိ အလိုသို့မလိုက် သူ့သဘောအတိုင်း ဖြစ်ပျက်နေခြင်း အနတ္တလက္ခဏာ တို့ကို သုံးသပ်ဆင်ခြင် ပွားများခြင်းဖြင့် လည်းကောင်း အားအကောင်းဆုံးနှင့် သုဂတိရောက်ရန်အသေချာဆုံးဖြစ်သောဝိပဿနာအာသန္နကံ ကုသိုလ်ဇောကို ဖြစ်စေသင့်ကြပါသည်။

မှန်ပါသည်၊ ဝိပဿနာအာသန္နကံကုသိုလ်သည် သုဂတိ ရောက်ရန် အားအကောင်းဆုံးဖြစ်ပါသည်။ အမှန်အားဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်ပြီးသော သောတာပန်အရိယာဖြစ်မှသာ အပါယ်တံခါးပိတ်ပါသည်၊ သောတာပန်အစစ် မဖြစ်သေး သော်လည်း ဝိပဿနာတရား ပွားများအားထုတ်ထား၍ ရုပ် နာမ်တို့၏ အဖြစ်အပျက်နှင့် ကြောင်းကျိုးဆက်ကို သိမြင်နေ

သော ကလျာဏပုထုဇဉ်သည်လည်း ကွယ်လွန်လျှင်အပါယ်သို့ မကျ၊ သုဂတိဘဝသို့လားရောက်ရ၍ ဂတိမြဲသဖြင့် သောတာပန်နှင့်တူသောကြောင့် စူဠသောတာပန်(သောတာပန်အငယ်စား) ဖြစ်သည်ဟု ကျမ်းဂန်များတွင်ပြပါသည်။

ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို မမြင်ဘဲ အသက်တစ်ရာနေရသည်ထက်အဖြစ်အပျက်ကိုရှုမှတ်သိမြင်၍တစ်ရက်တာမျှ အသက်ရှင်ခြင်းက ပို၍ မြင့်မြတ်သည်ဟု ဓမ္မပဒတွင် ဟောထား၏။ ထို့ကြောင့် တစ်မဂ်တစ်ဖိုလ် ရသည်အထိ အားမထုတ်နိုင်သေးစေကာမူ နောက်နောင် ဘဝများတွင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရေးအတွက်လည်း အထောက်အပံ့ဖြစ်၊ ယခုဘဝ ဝိပဿနာ အာနိသင်ကုသိုလ်ဇောဖြင့် သေပြီးနောက် သုဂတိဘဝရောက်နိုင်ရေး အတွက်လည်း အထောက်အပံ့ဖြစ်သော ဝိပဿနာ ကမ္မဋ္ဌာန်းဘာဝနာကို မဖြစ်မနေ ပွားများထားသင့်ကြပေသည်။

ထိုအာနိသင် ကုသိုလ်ဇော၌ ပါသော စေတနာသည် ကုသိုလ်ကံဖြစ်၏၊ ထိုကုသိုလ်ကံ၏ အကျိုးဖြစ်သော မဟာဝိပါက်ရှစ်ပါးအနက် တစ်ပါးပါးသည် ဘဝသစ်၌ ပဋိသန္ဓေစိတ်အမည်ခံလျက် သုဂတိ သတ္တဝါတစ်ဦး ဖြစ်လာပေသည်။

သေခြင်းဆိုင်ရာ အဘိဓမ္မာကို ကောင်းစွာသဘောပေါက်၍ သေခါနီးကာလတွင် ရှောင်ရန်တို့ကို ရှောင်၍ ဆောင်ရန်တို့ကို ဆောင်ကာ သေပြီးနောက် သုဂတိဘုံဘဝ ရောက်နိုင်ကြပစေဟု ဆန္ဒပြုလိုက်ရပါတယ်။

---

၂-မ-သ-စ-(၅၂) စက် ၁၃-၉-၉၉-၅၀၀၀-အုပ်။